
စိတ်ကူးချိုချိုအနုပညာ



# လူလားမြောက်သောအရွယ်

## မောင်ထင်

mgyoe.com

mgyoe.com

လွတ်လပ်ရေးသက္ကရာဇ်ကို ဆင်ခြင်လိုက်သော အခါ ကျွန်တော်တို့၏ လူမျိုးနှင့် တိုင်းပြည်မှာ ယေဘုယျအားဖြင့် ယခု မှ ကြီးကောင်ဝင်လာပြီဟု ဆိုရန်ရှိသည်။

တစ်မျိုးသားလုံး၏ ညီညွတ်ရေးဟုပြောလျှင် ထိုအပြောမှာ အပ် ကြောင်းထပ်နေပြီဟု တွေးမိကောင်း တွေးမိကြပေမည်။ အနော်ရထာ၊ ကျန်စစ်သားခေတ်က ကျွန်တော်တို့ ညီညွတ်ရေး တည်ဆောက်ခဲ့ကြ ၏။ တပင်ရွှေထီး၊ ဘုရင့်နောင်လက်ထက်ကလည်း ကျွန်တော်တို့ မြန်မာ နိုင်ငံကြီးသည် စည်းလုံးညီညွတ်ခဲ့ကြ၏။ အလောင်းမင်းတရား၊ ဆင်ဖြူ ရှင်တို့ကလည်း မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှုကို ဆောင်ကြဉ်း ပေးခဲ့ကြ၏။ သို့ရာတွင် ထိုညီညွတ်မှုတို့သည် ယိုယွင်းခဲ့ကြသည်ချည်း ပင်။ ညီညွတ်မှု တည်ဆောက်သည်မှာ ယိုယွင်းဖို့ဖြစ်လာလျှင် ဘာ အကျိုးထူးမှာလဲ။ ဤသို့မေးသည်ရှိသော် မေးသူကို အပြစ်တင်ရန် မသင့်ချေ။ အဘယ်ကြောင့်ဆိုသော် သမိုင်းအတွေ့အကြုံအရ ပြောရ လျှင် ကျွန်တော်တို့သည် ညီညွတ်ပါပြီဟု ဆိုပြီးသည့်နောက်ပိုင်း၌ သူ တလူငါတစ်မင်း တစ်စင်ထောင်ခြင်းနှင့်သာ ကြုံတွေ့ခဲ့ရသောကြောင့် ဖြစ်သည်။

သို့သော် ဤ၌လည်း အဘယ်ကြောင့် တစ်စင်ထောင်သော သဘောတရားများ ပေါ်ပေါက်ခဲ့ရပါသနည်းဟု –

# လူလားမြောက်သောအရွယ်

၈•၇

## မောင်ထင်

MGH0010
1,500.00 KS

mgyoe.com

လူလားမြောက်သောအရွယ်၊ မောင်ထင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၀၄+ မျက်နှာ၊ ၁၆ စင်တီ x ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဟိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# လူလားမြောက်သောအရွယ်

မောင်ထင်

ပထမအကြိမ် ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


- စိစဉ်သူရဲ့အမှာ [ က ]
၁။ တော်လှန်ရေး၌ လိုနေသောအချက်တစ်ခု ၁
၂။ လူလားမြောက်သောအရွယ် ၁၂
၃။ ဘာသာစကားနှင့် ပြည်ထောင်စုညီညွတ်ရေး ၂၅
၄။ ရိုးသားဖြောင့်မတ်ခြင်း ၃၈
၅။ မေဒဥပါယ်အုပ်ချုပ်ရေးသမိုင်း ၅၂
၆။ ရာဇဝင် အတ္တုပ္ပတ္တိလည်းရှိရမယ် ၆၇
၇။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း ၇၉
၈။ ပြည်သူ့နိုင်ငံဖွဲ့စည်းခြင်း ၉၃


■

mgyoe.com

mgyoe.com

# မာတိကာ

[ က ]


၁ [illegible]

၁၂ [illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]


mgyoe.com

mgyoe.com

# စိစဉ်သူရဲ့အမှာ

အဖေဟာ မြဝတီမဂ္ဂဇင်း စတင်ထုတ်ဝေတဲ့အချိန်ကစပြီး အဲဒီမဂ္ဂဇင်းမှာ ဆောင်းပါးတွေ ရေးခဲ့ပါတယ်။ ၁၉၆၇ ခုနှစ်မှာ မြဝတီမဂ္ဂဇင်းဆောင်းပါးတွေကို စုစည်းပြီး ပုညစာပေက 'လောကအမြင်' ဆိုတဲ့ စာအုပ်ကို ထုတ်ဝေခဲ့ဖူးပါတယ်။

၁၉၅၉ ခုနှစ်ကနေ ၁၉၆၇ ခုနှစ်အထိ အဖေရေးခဲ့တဲ့ ဆောင်းပါးတွေထဲက ဆောင်းပါးအချို့ကို ကောက်နုတ်ပြီး ပျံလွန်တော်မူသွားပြီဖြစ်တဲ့ အရှင်အာဒိစ္စရံသီ (ဆရာကြီး ဦးဆန်းလွင်)က တာဝန်ယူကာ စိတ်ကြိုက်အခန်းဖွဲ့ပြီး ခေါင်းစဉ်တွေကို အပိုင်း ၅ ပိုင်းခွဲပြီး စီစဉ်ထုတ်ဝေခဲ့ပါတယ်။

အဲဒီခေါင်းစဉ်တွေကို ဩကာသလောကအမြင်၊ သမိုင်းအမြင်၊ တော်လှန်ရေးအမြင် စသည်ဖြင့် ခေါင်းစဉ်တွေ ခွဲလိုက်ပါတယ်။ အဲဒီခေါင်းစဉ်တွေအောက်မှာ မြဝတီမဂ္ဂဇင်းဆောင်းပါးခေါင်းစဉ်တွေကို စီကာစဉ်ကာ ထည့်သွင်းဖော်ပြထားပါတယ်။

အဖေဟာ စာဖတ်သူတွေ ဗဟုသုတရဖို့နဲ့ အဲဒီဗဟုသုတကို မှီပြီး ဆင်ခြင်စဉ်းစားနိုင်ကြဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့

mgyoe.com

mgyoe.com


စာတွေကိုရေးခဲ့ပါတယ်။

ဆင်ခြင်စဉ်းစားနိုင်ကြပါစေဆိုတဲ့ ရည်ရွယ်ချက်မှာလည်း ရေးသူနဲ့ဖတ်သူ နှစ်ဦးသဘောတူ စဉ်းစားခန်းဝင်ကြဖို့ အဓိက ရည်ရွယ်ပါတယ်။ အဲဒီလို စဉ်းစားခန်းဝင်ရင် အမှားအမှန် အကောင်းအဆိုး ဆိုတာတွေကို ပိုင်းခြားဝေဖန်နိုင်လိမ့်မယ်လို့ သဘောရပါတယ်လို့ ဆိုထားပါတယ်။ ဒါကြောင့် အဖေဟာ ဆောင်းပါးတွေကို သူ့အခန်းနဲ့သူ ပိုင်းခြားပြီး ရေးပါတယ်။

- သမိုင်းလေ့လာသူတို့အတွက်
- ပြည်ထောင်စု ညီညွတ်ရေးကို ရှေးရှုသူတို့အတွက်
- တိုင်းကြီးပြည်ကြီးသားတို့ရဲ့ ကျင့်ဝတ်ကို ဆန္ဒပြုသူတို့အတွက်ဆိုပြီး အခန်းကဏ္ဍတွေ ပိုင်းခြားပြီး ရေးသားခဲ့ပါတယ်။

အခု ကျွန်တော် စုစည်းထုတ်ဝေလိုက်တဲ့ မြဝတီမဂ္ဂဇင်းဆောင်းပါးတွေဟာ 'လောကအမြင်' စာအုပ် ထွက်ရှိပြီးနောက်ပိုင်းမှာ အဖေရေးသားခဲ့တဲ့ ဆောင်းပါးတွေ ဖြစ်ပါတယ်။

စာအုပ်ရဲ့အမည်ကို 'လူလားမြောက်သောအရွယ်'လို့ ပေးထားပါတယ်။ အဲဒီဆောင်းပါးကို ၁၉၆၈ ခုနှစ်၊ ဇန်နဝါရီလမှာ ထုတ်ဝေခဲ့တဲ့ မြဝတီမဂ္ဂဇင်းမှာ ဖော်ပြခဲ့ပါတယ်။

မြန်မာ့လွတ်လပ်ရေးရတဲ့ ၁၉၄၈ ခုနှစ်ကနေ စတင်ရေတွက်လိုက်ရင် အဲဒီဆောင်းပါးရေးတဲ့ ၁၉၆၈ ခုနှစ်ဟာ နှစ်ပေါင်း ၂၀ တင်းတင်းပြည့်မြောက်ခဲ့ပါပြီ။ အလားတူစွာပဲ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ မွေးဖွားတဲ့ မြန်မာ

mgyoe.com

mgyoe.com



တိုင်းရင်းသားဟာ အသက် ၂၀ ပြည့်ပါပြီ။

လွတ်လပ်ရေး သက္ကရာဇ်ကို ဆင်ခြင်လိုက်တော့ ကျွန်တော်တို့ တိုင်းပြည်နဲ့ လူမျိုးဟာ ကြီးကောင်ဝင်လာပြီလို့ ဆိုရမှာဖြစ်ပါတယ်လို့ အဖေက အနှစ် ၂၀ ပြည့်မြောက်တဲ့ လွတ်လပ်ရေးနေ့ကို အသက် ၂၀ အရွယ် လူငယ်နဲ့ ပုံနိုင်းထားပါတယ်။

အသက် ၂၀ အရွယ်ဆိုတာ အမှားအမှန်ကို ပိုင်းခြားဝေဖန်တတ်ပြီး မှန်ရာဘက်ကို တစ်ဆင့်တက်လှမ်းဖို့ လုံ့လပြုနေတဲ့အရွယ် ဖြစ်ပါတယ်။ ဒီနေ့ရဲ့ အကောင်းအဆိုး၊ အမှားအမှန်၊ အောင်မြင်မှု မအောင်မြင်မှုတွေကို မနက်ဖြန်မှာ ပေါ်ပေါက်လာမယ့် နောင်လာနောက်သားတွေက ကောင်းစွာ ဆင်ခြင်ပြီး အကောင်းအင်အားစု၊ အမှန်အင်အားစု၊ အောင်မြင်ခြင်းအင်အားစုတွေ တိုးတက်စည်ပင်အောင် လုပ်ဆောင်သွားကြလိမ့်မယ်လို့ ယုံကြည်အားကိုးမိကြောင်း နိဂုံးပိုင်းမှာ ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့တာ ယနေ့ဆိုရင် ၆၉ နှစ်ကျော် ခဲ့ပါပြီ။ ၁၉၆၈ ခုနှစ်ကာလလို လူလားမြောက်တဲ့ အရွယ်မဟုတ်တော့ဘဲ ကောင်းဆိုး၊ မှားမှန်၊ အောင်မြင်မှု၊ မအောင်မြင်မှုတွေကို ကြုံကြုံခဲ့ ရင်ဆိုင်ရင်း သက်ကြီးပိုင်းဆိုတဲ့ အရွယ်ထဲ ရောက်ရှိလို့လာပါပြီ။

အဲဒီနှစ်ပေါင်း ၇၀ နီးပါး အချိန်ကာလတစ်လျှောက် ဖြစ်ပျက်သမျှ ကောင်းမှု၊ ဆိုးမှုတွေကို ပြန်ပြီးသုံးသပ်ကြည့်မိပါတယ်။

"တော်လှန်ရေး၌ လိုအပ်နေသောအချက်တစ်ခု"ဆိုတဲ့

mgyoe.com

mgyoe.com



ဆောင်းပါးမှာ—

'ကျွန်တော်တို့သည် ကိုယ်ပိုင်အုပ်ချုပ်ရေးဟု ဆိုခဲ့ကြ၏။ ဒေသန္တရအုပ်ချုပ်ရေးဟု ပြောခဲ့ကြ၏။ ဒီမိုကရေစီဟု ဟစ်အော်ခဲ့ကြ၏။ ဗျူရိုကရေစီ မလိုချင်ဟု ကြွေးကြော်ခဲ့ကြ၏' လို့ ရေးခဲ့ပါတယ်။

ဒါ့အပြင်

'ဗြိတိသျှတို့သည် အုပ်ချုပ်ရေးဦးခေါင်းပိုင်း၌ ဒီမိုကရေစီဟု ပြောခဲ့ကြသော်လည်း အုပ်ချုပ်ရေးနောက်ပိုင်း၌မူကား မင်းတုစိုးယောင်တို့က ဗျူရိုကရေစီ မဏ္ဍိုင်ကြီးကို သာ ခိုင်မာသည်ထက် ခိုင်မာစွာ အုတ်မြစ်ချနေသည်ကို လက်ပိုက်ကြည့်ခဲ့ရသည်။'

လွတ်လပ်ရေး ရပြန်တော့လည်း

'ကျွန်တော်တို့ လွတ်လပ်ရေးရလာသောအခါ၌ အခြင်းအရာတို့ကို တော်လှန်နိုင်လိမ့်မည်ဟု ထင်ခဲ့ကြသည်'

တစ်ခါ ပြန်ကြားရခဲ့တဲ့ ဗဟိုသို့စာနဲ့ အုပ်ချုပ်ရေးရဲ့ သဘောထားအမှန်တွေကို ပြုပြင်ပြောင်းလဲရင် ရနိုင်ကြောင်း အုပ်ချုပ်ရေးယန္တရားထဲမှာ စိတ်ဓာတ်သစ်လှုံ့ဆော်သွင်းပေးနိုင်ရင် မင်းတုစိုးယောင်စိတ်အခြေခံတဲ့ ဗျူရိုကရေစီကို ဖျက်သိမ်းကောင်း ဖျက်သိမ်းနိုင်လိမ့်မယ်လို့ မျှော်လင့်ခဲ့မိပြန်ပါသည်။

ဒါပေမဲ့ အဲဒီအုပ်ချုပ်ရေးစနစ်ကို တော်လှန်ဖို့ တာဝန်ရှိတဲ့ နိုင်ငံရေးခေါင်းဆောင်ကိုယ်တိုင်က အုပ်ချုပ်ရေးကို နားမလည်။

ဒါကြောင့် ဖျက်ရသော်ကား ဖျက်နိုင်ကြပေမဲ့ ပြန်

mgyoe.com

mgyoe.com



ပြီး ပြုစုပျိုးထောင်တဲ့လုပ်ငန်းမှာ ဘာတစ်ခုမှ အကောင်အထည်ပေါ်မလာတော့ဘူးလို့ အဖေ့ရဲ့ ဆောင်းပါးမှာ တင်ပြထားပါတယ်။

လွတ်လပ်ရေးရပြီး ၆၉ နှစ်တာကာလအတွင်း ဖြစ်ပျက်သမျှ အကောင်းအဆိုး၊ အကြောင်းအကျိုးတွေကို ဆဖန်ဆန်းစစ်ဆင်ခြင် သုံးသပ်ကြည့်နိုင်ကြဖို့ရာ 'လူလားမြောက်သောအရွယ်'နဲ့ အခြား မြဝတီမဂ္ဂဇင်း ဆောင်းပါးတွေကို စုစည်းထုတ်ဝေဖြစ်ပါတယ်။

ဒီစာအုပ်မှာ ၁၉၆၂ ခုနှစ်ကနေ ၁၉၇၃ ခုနှစ်အထိ မြဝတီမဂ္ဂဇင်းမှာ အဖေရေးသားခဲ့တဲ့ ဆောင်းပါး ၈ ပုဒ် ပါရှိပါတယ်။

ယခုစာအုပ်ဖြစ်မြောက်ဖို့အတွက် မဂ္ဂဇင်းတွေ ထွက်ရှိပြီးနောက်ပိုင်းမှာ မဂ္ဂဇင်းဆောင်းပါး စာမျက်နှာတွေကို တစ်စုတစ်စည်းတည်းဖြစ်အောင် အနှစ်နှစ်အလလ စုဆောင်းမှတ်တမ်းပြုပေးခဲ့တဲ့ အစ်ကိုဖြစ်သူ ဦးမျိုးထင်၊ ဒီစာအုပ်ကို ထုတ်ဝေဖြန့်ချိပေးတဲ့ စိတ်ကူးချိုချိုအနုပညာက ဆရာမောင်စန်းဦးနဲ့တကွ အခြားခြားသော ဝိုင်းဝန်းပံ့ပိုးကူညီကြသူအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ဒီအမှာစာနဲ့ မှတ်တမ်းတင်လိုက်ပါတယ်။ ။

ညီကိုး

အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၂၀၁၇ ခု၊ ဇွန်လ၊ ၁၂ ရက်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## တော်လှန်ရေး၌ လိုနေသောအချက်တစ်ခု

ကျွန်တော် ယခုရေးပြသောအချက်တို့ကို စဉ်းစားလာခဲ့သည်မှာ ကြာပါပြီ။ သို့သော် ကျွန်တော်စဉ်းစားနေသည်မှာ မပြီးပြတ်သေးပါ၊ မဆုံးသေးပါ။ ထို့ကြောင့် နောင်ကိုလည်း ဆက်လက်စဉ်းစားပြီးလျှင် သဘောတရားရေးရာနှင့်စပ်လျဉ်း၍ ပညာရှင်တို့၏ ကျမ်းအစောင်စောင်ကို ဖတ်ရှုကာ ဒိဋ္ဌမမ္မတို့နှင့် နှိုင်းယှဉ်ကြည့်ရပါဦးမည်။ ထို့ကြောင့် ယခုရေးသောကိစ္စကို အတွေးအခေါ် အယူအဆများအား နိဒါန်းပျိုးပေးသော သဘောမျှသာဟု နှလုံးပိုက်ကြစေလိုပါသည်။

အကယ်၍ ကျွန်တော်က အတွေးအခေါ်တို့ကို နှိုးပေးသောကြောင့် အတွေးအခေါ်ရှိသူ ပညာရှင်တို့ နိုးကြားလာပြီးလျှင် နည်းလမ်းများ ကြံဆလာကြပြီဟုဆိုပါက ကျွန်တော် နှိုးဆော်ပေးရကျိုးနပ်ပြီဟု ယူဆရပါလိမ့်မည်။

ကျွန်တော်တို့သည် တော်လှန်ရေးဟု ပါးစပ်မှ အမြဲပြစ်စီစီထွက်အောင် ယနေ့ပြောဆိုနေကြပါသည်။

ဂျပန်တော်လှန်ရေး၊ အင်္ဂလိပ်တော်လှန်ရေး၊ လူမှုတော်လှန်ရေး၊ မြေယာတော်လှန်ရေး၊ ဘာသာတော်လှန်ရေး၊ ညာတော်လှန်ရေး စသဖြင့် တော်လှန်ရေးပေါင်းမျိုးစုံအောင် ကျွန်တော်တို့ ပြောဆိုနေကြပါသည်။

mgyoe.com

mgyoe.com


ကျွန်တော်တို့၏ တော်လှန်ရေးသည် အမှန်ပင် ကျယ်ပြန့်ပါ၏။ ဥပမာဆိုပါစို့ ကျွန်တော်တို့၏ တော်လှန်ရေးသည် တောင်ဘက် ကော့သောင်းအငူမှသည် မြောက်ဘက် ခါကာဘိုရာဇီအထိ အလျားအားဖြင့် မိုင်ပေါင်း ၁၃၀၀ ခန့် ကျယ်ပါသည်။ တစ်ဖန် အနောက်ဘက် နတ်မြစ်ဝမှသည် အရှေ့စူးစူး ကျိုင်းလတ်နယ်ရှိ မဲခေါင်မြစ် စီးဆင်းဖြတ်သန်းရာ ဒေသအထိ အနံအားဖြင့် မိုင်ပေါင်း ၆၀၀ ခန့် ကျယ်ပါသည်။

သို့သော် ကျွန်တော် တစ်ခါတစ်ရံ ချင့်ချိန်ကြည့်၏။ ကျွန်တော်တို့၏ တော်လှန်ရေးသည် အဘယ်မျှလောက် နက်ပါသနည်း။ တစ်နည်းကား ခေတ်သစ်စာပေ အရေးအသားနှင့် ခြားရလျှင် အဘယ်မျှ လောက် နက်ရှိုင်းပါသနည်း။

အရေပြားတစ်ထောက်နက်သလော။ နှမ်းတစ်ထောက်၊ [illegible] နေတစ်ထောက် နက်သလော။ တစ်လက်မ၊ [illegible] တစ်ကိုက်၊ နှစ်ကိုက်၊ တစ်မိုင်၊ နှစ်မိုင်၊ အဘယ်မျှနက်ပါသနည်း။

ဘုရားစူးစေ ကျွန်တော်လည်း သည်အထိတော့ နားမလည်ပါ။ နားမလည်သည့်နေရာတွင် ကျွန်တော်သည် နိုင်ငံခြားပါရဂူများလောက် နီးနီး လိုက်နိုင်ပါသည်။

တစ်ရံရောအခါက ကျွန်တော်သည် ဆားချက်ရာ အရပ်ဖြစ်သော ဆားကျင်းရွာကလေးသို့ ရောက်ခဲ့ပါ၏။ ဆားချင်းတိုက်ကျေးရွာများ ဒေသတွင် ရှေးယခင်က စပါးကောင်းစွာမထွက်သော လယ်မြေတို့ကို ယခုအခါ ပတ်ချာဝိုင်း၍ ဘူဒိုဇာနှင့် တာဖို့ထားပါသည်။ ၎င်းတာ အတွင်းမှ ရေတို့ကိုလည်း အဝင်အထွက် မှုတအောင် ရေကာတာများကို လည်း ဆောက်လုပ်ထားပါသည်။ ထိုအစီအစဉ်မှာ လယ်မြေတို့ကို ပြန်လည်ထူထောင်သော အစီအစဉ်တစ်ရပ် ဖြစ်ပါသည်။

ဆားကျင်းမှအပြန်တွင် ကျွန်တော်သည် ရှေးခေတ်က ငါးကျပ်ပဲ

mgyoe.com

mgyoe.com



တင်းတန် ကော်ဖိနပ် (Gumboot)နှင့် ကွင်းစစ်ခဲ့သော လယ်မြေများကို ဖြတ်သန်းကာ တစ်ရွာဝင်တစ်ရွာထွက်နှင့် လာခဲ့ပါသည်။

တစ်နေရာတွင် အုန်းသီးများကို အပင်မှချ၍ အုန်းရည်သောက်ကာ ကျေးရွာသားတစ်ဦး၏အိမ်တွင် အပန်းဖြေခဲ့ပါသည်။ ထိုအိမ်ရှင်မှာ ဗြိတိသျှခေတ်၊ ဂျပန်ခေတ်၊ မြန်မာ့ခေတ်တည်းဟူသော ခေတ်သုံးခေတ်ကို ကျော်လွှားခဲ့သည့် လယ်သမားကြီးဖြစ်သည်။

"အင်း– လွတ်လပ်ရေးရပြီဆိုတော့ ရှေးတုန်းက ခင်ဗျားတို့ အားစိုက်ခွန်စိုက်ထွန်ယက်ပါမှ တစ်ဧကကို စပါး ၁၅ တင်းမျှ မထွက်တဲ့နေရာတွေဟာ အခု တင်းအစိတ် သုံးဆယ်ထွက်တော့မယ်။ ဒီတော့ ဘယ့်နှယ်လဲဗျ။ တိုးတက်လာကရော မဟုတ်လား"ဟု ကျွန်တော်သည် စကားရောဖွဲ့ရောနှင့် ပဋိသန္ဓာရပြုမိသည်။

လယ်သမားကြီးသည် ကျွန်တော့်ကို ဘာကောင်မှန်းမသိ၍ စကားဟက်ဟက်ပက်ပက် မပြောပါ။ သို့သော် ကျွန်တော်နှင့်ပါလာသော အဖော်များက ကျွန်တော် ဘာကောင်မျှမဟုတ်ကြောင်း အမွှမ်းတင်ကြသောအခါ သူ၏မျက်နှာမှာ သူပြောချင်တာတွေကို ပြောချင်ကြောင်း အရိပ်လက္ခဏာပြလာပါသည်။ ထိုအခါ ကျွန်တော်က အုန်းပင်အောက်၌ အုန်းရည်သောက်ဖို့ ပြင်ဆင်နေကြပြီဟု စကားရိပ် ပေးလိုက်မှ၏။ ကျွန်တော်၏အဖော်များလည်း အုန်းပင်အောက်သို့ သွားကြပါသည်။

လယ်သမားကြီးနှင့် ကျွန်တော် နှစ်ဦးသာ ကျန်ရစ်သောအခါ လယ်သမားကြီးက "အင်း ... ဟုတ်ပါတယ်၊ တိုးတက်တာလဲ တိုးတက်တာပေါ့ခင်ဗျာ၊ ဒါပေမဲ့ ဘယ်သူဘာပြောပြော ကျုပ်တို့မှာတော့ ဒီသူကြီးနဲ့ ဒီပုလိပ်ကို ကြည့်ပြီး ပေါင်းနေရတာပေါ့ဗျာ" ဟု ဆိုလေသည်။

mgyoe.com

mgyoe.com


သူ၏စကားသည် တော်လှန်ရေး၏ အတိမ်အနက်ကို ကျွန်တော့် ဘာသာကျွန်တော် တိုင်းတာကြည့်နိုင်ရန် တိုင်းတာနည်းကို ညွှန်ပြခဲ့သည်ဟု ကျွန်တော်အယူရှိမိပါသည်။

မှန်၏။ ကျွန်တော်တို့သည် တော်လှန်ရေးစကားကို ထည်လဲနှင့် ပြောဆိုနေကြပါ၏။ သို့သော် လယ်သမားကြီးပြောစကားအတိုင်းဆိုလျှင် ဗြိတိသျှခေတ်တုန်းကလည်း ဒီသူကြီးနှင့် ဒီပုလိပ်၊ ဂျပန်ခေတ်တုန်းကလည်း ဒီသူကြီးနှင့် ဒီပုလိပ်၊ မြန်မာ့ခေတ်သို့ ရောက်လာပါလျှင်လည်း ဒီသူကြီးနှင့် ဒီပုလိပ်။

လယ်သမားကြီးသည် ရဲဟူသော စကားကိုပင် မသုံးစွဲသည်ကို ကျွန်တော် ဝမ်းနည်းစွာနှင့် သတိပြုမိ၏။ ဘယ်လိုပါလိမ့်။ ကျွန်တော်တို့ တစ်နေရာရာမှာ ဟာနေပြီထင်သည်။

ကျွန်တော်တို့သည် ကိုယ်ပိုင်အုပ်ချုပ်ရေးဟု ဆိုခဲ့ကြ၏။ ဒေသန္တရအုပ်ချုပ်ရေးဟု ပြောခဲ့ကြ၏။ ဒီမိကရေစီဟု ဟစ်အော်ခဲ့ကြ၏။ ဗျူရိုကရေစီ မလိုချင်ဟု ကြွေးကြော်ခဲ့ကြ၏။ သို့သော် လယ်သမားကြီးပြောပုံက ဘာမျှမထူးပါကလား။

ဤခေတ်၌ ဗျူရိုကရေစီသည် အဘယ်ကြောင့် ကြီးထွားနေပါသေးသနည်း။ တစ်ရံရောအခါကပင်လျှင် ဤဗျူရိုကရေစီ ကြီးထွားမှုကို အကြောင်းပြု၍ တော်လှန်ရေးခေါင်းဆောင်ပိုင်းကပင်လျှင် သတိပေးခဲ့သေးသည် မဟုတ်လော၊ ဤကိစ္စကို သုတေသနပြုဖို့ကောင်း၏။ ပြည်သူ့ဝန်ထမ်း ကော်မရှင်ဖွဲ့ပြီး မြောက်ဝင်ရိုးစွန်းမှသည် တောင်ဝင်ရိုးစွန်းသို့ ကမ္ဘာတစ်ပတ်လှည့်၍ စုံစမ်းရေးလုပ်လိုက်ရလျှင် ဗျူရိုကရေစီကြီးထွားပုံ ကြီးထွားနည်းများကို ပို၍ပို၍ သိရှိလာကြပြီး ပို၍ပို၍ ကြီးထွားလာဦးမည်လော မပြောတတ်။

ကျွန်တော်တို့ မြန်မာနိုင်ငံသားအားလုံးသည် တောင်သူလယ်

mgyoe.com

mgyoe.com



သမားမျိုးရိုးမှ ဆင်းသက်လာကြသည်ချည်းပင်ဖြစ်၏။ လူဦးရေ တစ်ရာလျှင် ၇၅ ယောက်ကျော်ကျော် ၈၀ ခန့်မှာ တောင်သူလယ်သမားချည်းဖြစ်၏။

ဘယ်ခေတ်၌မဆို ပြန်၍ကြည့်လျှင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေကြသူများသည် အသဗ္ဗိန္နခတ္တိယနွယ်လာ မဟာဆိ မဟာသွေးများချည်း မဟုတ်ကြချေ။ မြန်မာဘုရင်တို့၏ လက်ထက်၌ပင်လျှင် တောင်သူလယ်သမား သားမြေးများကို အုပ်ချုပ်ရေးထဲဆွဲသွင်းပြီးလျှင် မှူးထမ်းရာထမ်းအဖြစ်ဖြင့် အသုံးချခဲ့သည်။

ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းပိုက်လာသောအခါ၌မူကား မင်းမျိုးမင်းနွယ်တို့ကို ပင်စင်အငြိမ်းစားပေးပြီးလျှင် ခပ်လှမ်းလှမ်း၌သာ ထားခဲ့သည်။ သာမန်တောင်သူလယ်သမား သားမြေး အရပ်သူ အရပ်သားတို့ကိုသာ အများဆုံး ပထမရွေးချယ်၍ မင်းမှုထမ်းစေသည်။ ထို့ကြောင့် ယခုခေတ်သူကြီးမှအစ တိုင်းမင်းကြီး၊ အတွင်းဝန် စသည်တို့အထိ ယေဘုယျအားဖြင့် တောင်သူလယ်သမား မျိုးရိုးသာဖြစ်ဘိ၏။ သို့သော် ဗြိတိသျှတို့သည် တောင်သူလယ်သမား သားသမီးများကို မင်းစိတ်စိုးစိတ် သွင်းပေးပြီးလျှင် သူ့ဘက်သားပြုလုပ်ခဲ့၏။

များသောအားဖြင့် ဗြိတိသျှအရပ်သူအရပ်သားတို့သည်။ မင်းစိတ်စိုးစိတ် ကင်း၏ဟု ဆိုရလိမ့်မည်။ ၎င်းတို့သည် ဒီမိုကရေစီဟူသော အစဉ်အလာကို တည်ဆောက်ခဲ့သူများဖြစ်လေရာ အင်္ဂလန်ကျွန်းဝယ် မင်းစိုးရာဇာစိတ်ပေါက်သူများကို ပြက်ရယ်ပြုလေ့ရှိကြသည်။ သို့သော် ဗြိတိသျှတို့၌ ထူးခြားချက်တစ်ခုရှိသည်။ ၎င်းမှာ အုပ်ချုပ်ရေးသဘော၌ ဒီမိုကရေစီဟုဆိုသော်လည်း ဗြိတိသျှလူမျိုးသည် ဧကရာဇ်ဘုရင်မင်းမြတ်ဟူသောဝါဒကို ယနေ့တိုင်မစွန့်နိုင်သည့်အပြင် ၎င်းကိုပင် လူမျိုးညီညွတ်ရေးအတွက် အထွတ်အမြတ်ပြုနေကြသေးသည့် အချက်ဖြစ်သည်။

mgyoe.com

ဤသဘောကြောင့်ပေလောမသိ၊ ဗြိတိသျှနိုင်ငံတွင် သာမန် ရိုးရိုး အရပ်သားသည် မြန်မာနိုင်ငံစသော ကိုလိုနီနိုင်ငံများသို့ ရောက်လာလျှင် ကိုလိုနီနိုင်ငံရှိ မင်းစိုးရာဇာစိတ်ကိုပင် အတုယူကာ ၎င်းတို့အတွက် ဘက် တော်သားစုရာ၌လည်း မင်းစိုးရာဇာအဖြစ် သွတ်သွင်း ချီးမြှင့်သောနည်း နှင့် စုကြသည်။ ထို့ကြောင့်လည်း ဗြိတိသျှတို့ ဘုရားထူးကို ကြိုက်သည် မှာ နောင်အစဉ်အဆက် ကျွန်တော်တို့ ပြောစရာဖြစ်ခဲ့သည်။

ဗြိတိသျှတို့သည် ၎င်းတို့ကိုယ်တိုင်က ဒီမိုကရေစီဟု ပါးစပ်က ပြောပြောပြီး မင်းစိတ်၊ စိုးစိတ်နှင့် အလုပ်လုပ်ခဲ့ကြသည်။ ၎င်း မင်းစိတ်၊ စိုးစိတ်ကိုလည်း တိုင်းရင်းသားတို့ အတုယူဖို့ရာ သညာပေးခဲ့သည်။

ထို့ကြောင့် တောင်သူလယ်သမားဘဝမှနေ မင်းမှုထမ်းဘဝသို့ ရောက်လာသော မြန်မာလူငယ်လူရွယ်တို့သည် ဗြိတိသျှခေတ် အဆက် ဆက်က မင်းစိတ်၊ စိုးစိတ်ဝင်ခဲ့သည်။ ဤမင်းစိုးရာဇာတို့သည် ဗြိတိသျှ ဗျူရိုကရေစီကို သန်မာကြီးထွား ခိုင်မြဲစေခဲ့သည်။ ရိုးရိုးဗျူရိုကရေစီမှာ မထောင်းတာလှ။ ဗျူရိုကရေစီထဲသို့ မင်းစိုးရာဇာစိတ် ဝင်လာသောအခါ အတော်ပင်ခွကျသည်။

ဤအထဲတွင် ကိုလိုနီစံနစ်အုပ်ချုပ်နည်း၏ အာသီသမှာ မင်းမျိုး မင်းနွယ်ကိုအတုခိုးသော မင်းတုမင်းယောင်တို့က မင်းစိတ်စိုးစိတ် ပေါက် နေသော ဗျူရိုကရေစီတရားကို မြှောက်ထိုးပင့်ကော် လုပ်ပေးကြပါစေ ဟူသော အာသီသဖြစ်သည်။

ကိုလိုနီအုပ်ချုပ်ရေး၌ တိုင်းရင်းသားများထံမှ အခွန်ဏ္ဍာငွေကို စရိတ်ကျဉ်းကျဉ်းနှင့် ကောက်ခံရရှိနိုင်ပြီးလျှင် တိုင်းရင်းသားတို့ကို ပြား ပြားဝပ်အောင် အုပ်ချုပ်နိုင်ဖို့ဖြစ်လေသည်။

ကိုလိုနီသမားများသည် အုပ်ချုပ်ခြင်းခံရသော တိုင်းရင်းသားတို့ ပညာတတ်သည်မတတ်သည်၊ ကျန်းမာသည် မကျန်းမာသည်၊ စီးပွား

mgyoe.com

mgyoe.com



တက်သည် မတက်သည်၊ လူမှုဆက်ဆံရေး ကောင်းသည် မကောင်းသည်ဟူသော ကိစ္စတို့ကို တစ်ရံတစ်ဆစ်မျှ တွေးတော မြော်ခေါ်ခြင်း မရှိခဲ့။ အုပ်ချုပ်ခြင်းခံရသူတို့မှာ မည်မျှပင် လူမှုရေးအောက်ကျ နောက်ကျ ရှိပေစေ သူတို့နှင့်လုံးဝမဆိုင်၊ အခွန်တော်နှင့် ငြိမ်ဝပ်ပိပြားရေးရလျှင် တော်လောက်ပြီဟုသာ သဘောထားကြသည်။

ရှေ့နောက်မြော်မြင် တိုင်းထွာတတ်သော ဗြိတိသျှအုပ်ချုပ်ရေး ပညာရှင်တို့က ပညာရှင်ပီသစွာဖြင့် နည်းပေးလမ်းပြလုပ်လျှင် ဗြိတိသျှ ဗျူရိုကရက်တို့သည် ထိုထိုသော ပညာရှင်ကို ဝိုင်း၍ ဖိနှိပ်ကြသည်။ ထို့ကြောင့်လည်း တိုင်းရင်းသားတို့၏ အကျိုးကို ဆောင်ရွက်ခဲ့သူ အနည်းငယ်တို့သည် ၎င်းတို့၏ အိုင်စီအက်စ်ခေါ် ပဋိညာဉ်ခံဝန်ထမ်း၌ ရာထူးသက်တမ်းစေ့အောင် မနေနိုင်ခဲ့ကြချေ။ မတော်တဆ နေနိုင်ပါလျှင်လည်း ရာထူးဌာနန္တရကြီးကြီးကို မရခဲ့ကြချေ။ မတော်တဆ ရာထူးဌာနန္တကြီးကြီး ရခဲ့ပါလျှင်လည်း ချောင်ထိုးခြင်းကို ခံကြရရှာသည်။

ထို့ကြောင့်ဗြိတိသျှတို့သည် အုပ်ချုပ်ရေးဦးခေါင်းပိုင်း၌ ဒီမိုကရေစီဟု ပြောခဲ့ကြသော်လည်း အုပ်ချုပ်ရေး၏ နောက်ပိုင်း၌မူကား မင်းတုစိုးယောင်တို့က ဗျူရိုကရေစီ မဏ္ဍိုင်ကြီးကိုသာ ခိုင်မာသည်ထက် ခိုင်မာစွာ အုတ်မြစ်ချနေသည်ကို လက်ပိုက်ကြည့်ခဲ့ကြရသည်။

ကျွန်တော်တို့ လွတ်လပ်ရေးရလာသောအခါ ဤအခြင်းအရာတို့ကို တော်လှန်နိုင်လိမ့်မည်ဟု မှတ်ထင်ခဲ့ကြသည်။ ဂျပန်ခေတ်က ဘုရားထူးအကျင့်ကို ဖျောက်ရန် အဓိပတိကိုယ်တော်တိုင်က ပညတ်ခဲ့ဖူးသည်။ ထိုကိစ္စမှာ တကယ့်တော်လှန်ရေးကြီးဟု ထင်စရာပင်ဖြစ်၏။ သို့သော် မင်းတုစိုးယောင်စိတ်တို့ကို ပပျောက်အောင်လုပ်သည့်အထဲတွင် အဓိပတိအရှင်မင်းကြီးဟူ၍လည်းကောင်း၊ ကြင်ယာတော်ဟူ၍လည်းကောင်း၊ အခြောက်တိုက် မြှောက်ပင့်ပေးသည့် ဝေါဟာရတို့သည် ကန့်လန့်ခံခဲ့

mgyoe.com

mgyoe.com


လေသည်။ ထို့ကြောင့် ဘုရားထူးပျောက်သွားပြီးနောက် လက်အောက် ငယ်သားက အထက်လူကြီးကို အာခံသော သဘောတရားတို့သာ ထွန်းကားခဲ့လေသည်။

သို့ရာတွင် ကျွန်တော်တို့ လွတ်လပ်ရေးကို တကယ်ရရှိလာသော အခါ ဂျပန်ခေတ်ကရခဲ့သော ဗဟုသုတတို့နှင့် အုပ်ချုပ်ရေး သဘောထားမှန်တို့ကို ပြုပြင်ပြောင်းလဲသော် ရနိုင်ကောင်းပေသည်။ အုပ်ချုပ်ရေးယန္တရားထဲ၌ စိတ်သစ်လူသစ်တို့ကို သွင်းပေးနိုင်လျှင် မင်းတု စိုးယောင်စိတ် အခြေခံသော ဗျူရိုကရေစီကို ဖျက်သိမ်းကောင်း ဖျက်သိမ်းနိုင်ပေလိမ့်မည်။ သို့ပါသော်ငြားလည်း အုပ်ချုပ်ရေးစံနစ်ကို တော်လှန်ရန်အတွက် တာဝန်ရှိသော နိုင်ငံရေးခေါင်းဆောင်တို့ ကိုယ်တိုင်က အုပ်ချုပ်ရေးအကြောင်းကို နားလည်ဟန် မတူချေ။ အဘယ်ကြောင့် ဆိုသော ထိုသို့သော ခေါင်းဆောင်တို့သည် နိုင်ငံရေးလုပ်ငန်းအနေဖြင့် ဗြိတိသျှအုပ်ချုပ်ရေး စက်ယန္တရားကို တိုက်ဖျက်ရာ၌ ဝိဇ္ဇာဖြစ်ကြသည် မှန်၏။ သို့သော် ၎င်းတို့၌ အုပ်ချုပ်ရေးပညာ ဗဟုသုတ မရှိကြချေ။ ထို့ကြောင့် ဖျက်၍သော်ကား ဖျက်နိုင်ကြပေ၏။ ပြန်လည်ပြုစုရေး လုပ်ငန်း၌ကား ဘာတစ်ခုမျှ အကောင်အထည်ပေါ်အောင် မလုပ်နိုင်ကြချေ။ အထူးသဖြင့် ၎င်းတို့က ဦးစီးခေါင်းဆောင်ပြုနေသော်လည်း ၎င်းတို့သည် သူတို့၏ လက်အောက်ငယ်သားလောက်မှ အုပ်ချုပ်ရေး နည်းနိသျ၊ စီမံခန့်ခွဲရေးနည်းနိသျ၊ စည်းရုံးရေးနည်းနိသျတို့ကို နားမလည်ကြချေ။

ဤသည်လျှင်ပင် ဗျူရိုကရက်တို့၏ အကွက်ကောင်းဖြစ်သည်။ ဗျူရိုကရက်တို့သည် မိမိတို့လောက်မှ နားမလည်သော အထက်လူကြီးကို မောင်မောင်ဘဘလုပ်၍ နားလှည့်ပါးလှည့် အုပ်ချုပ်လာကြသည်။ နောက်လိုက်ငယ်သားတို့က ခေါင်းဆောင်တို့ကို လူလည်လုပ်လာကြ

mgyoe.com

mgyoe.com


သည်။ ခေါင်းဆောင်တို့သည် တစ်ခါတစ်ရံ လွန်စွာ ခံပြင်းသောကြောင့် ဗျူရိုကရက် ဘာဖြစ်သည်၊ ညာဖြစ်သည်ဟုဆို၍ စင်မြင့်ပေါ်မှနေပြီး ရေရွတ်ကြသည်။

ဗျူရိုကရက် မင်းတုစိုးယောင်တို့ကား နိုင်ငံ့ခေါင်းဆောင်ကြီးများက ယင်းသို့ရေရွတ်လေလေ၊ ဝမ်းထဲ၌ ကျိတ်ပြီးရယ်လေလေဖြစ်သည်။

ငယ်စဉ်က ကျွန်တော်၏အဘ စာသင်ဦးလူကလေးပြောသည်ကို ကျွန်တော် အမြဲအမှတ်ရမိသည်။

"ဥပဒေတွေ တိုးချင်တိုးပေ့စေဟာ၊ ဥပဒေတိုးသမျှ ငါတို့ ပုလိပ် စားပေါက်ချည်းပဲ"

အဘသည် ကွမ်းများကို ပလုတ်ပြည့်ပလောင်းပြည့်ဝါးရင်း ထိုကဲ့သို့ ပြောခဲ့ဖူးသည်။ ထိုစဉ်က ကျွန်တော့်မှာ နပ်ချေးမျှမစင်သေးသော ကလေးအရွယ်ဖြစ်ရာ ထိုစကားကို အနက်မထင်နိုင်ပါ။ ခေတ်ပြောင်းခေတ်လဲအမျိုးမျိုး၌ ဥပဒေတိုးတာတွေကို ကိုယ်တွေ့ကြုံတော့မှ "အဘပြောတာ ဟုတ်တယ်"ဟု စိတ်ထဲက ပြောမိပါတော့သည်။

လူတွေက ဗျူရိုကရေစီစံနစ်ကို တိုက်ဖျက်ပစ်ဟု ဆိုကြသည်။ သို့သော် တိုက်ဖျက်နေသည်ဟု ဆိုသူတို့ကား မင်းတုစိုးယောင် ဗျူရိုကရေစီတို့ထံမှ ခြတ်ကူးလာကြသည်။

ယခင်က နိုင်ငံရေးခေါင်းဆောင်လုပ်ပြီး လွတ်လပ်ရေးရလာသောအခါ အရာရှိအရာခံဖြစ်လာသူတို့သည် ဘောင်းဘီဝတ်တတ်လာကြသည်။ နက္ကတိုင်ကိုလည်း စည်းတတ်လာကြသည်။ ကလပ်ကိုလည်း တက်တတ်လာကြသည်။ ဘီလိယက်ကိုလည်း ထိုးတတ်လာကြသည်။ ဂေါ့(ဖ်)ကိုလည်း ရိုက်တတ်လာကြသည်။ သို့သော် အုပ်ချုပ်ရေး ယန္တရားကြီး၌ ဘယ်ဝက်အူချောင်း၍ ဘယ်စပရိန်ကို လဲပေးပြီးလျှင် ဘယ်ဆီကို ထည့်ပေးရမည်မသိ။ မိမိကိုယ်တိုင် ချောင်နေသော ဝက်အူဖြစ်လာ

mgyoe.com

ကြလေသည်။ ထို့ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးဆိုသည့်အရာတို့မှာ လူထုကို သက်သက် ပြောင်လှောင် ပြက်ရယ်ပြု၍ စော်ကားနေသောအရာများနှင့် တူလာလေသည်။

ယခုကျွန်တော်တို့၏ အုပ်ချုပ်ရေးစနစ်သည် လူထုစီးပွားရေး တိုးတက်မှုနှင့် လူထုလူမှုရေးဖွံ့ဖြိုးမှုတို့ကို မူတည်ရမည့် အုပ်ချုပ်ရေးမျိုး ဖြစ်လာခဲ့ပြီ။ ဤကဲ့သို့သော အုပ်ချုပ်ရေးမျိုးအတွက် ကျွန်တော်တို့သည် အခွန်တော် ဥပဒေ၊ ငွေတိုက် ဥပဒေ၊ ရာဇဝတ်ကြောင်း ဥပဒေ၊ တရားမကြောင်း ဥပဒေစသည့်တို့၌ ဗဟုသုတကြွယ်ဝရုံနှင့် မပြီးချေ။ ကျွန်တော်တို့၏ အုပ်ချုပ်ရေးသမားများသည် ဖွဲ့စည်းမှု၊ စီမံမှုနည်းနိသျတို့တွင် ကျွမ်းကျင်ရမည်။ ဘောဂဗေဒအခြေခံတို့ကို တတ်သိနားလည်ရမည်။ မနုဿဗေဒကို အနည်းငယ်ခေါက်မိ၍ လူ့ဘောင်အဖွဲ့အစည်းအကြောင်း၊ လူ့ယဉ်ကျေးမှုအကြောင်း၊ အနုသုခုမ ပညာအကြောင်း၊ လူမှုဆက်ဆံရေးအကြောင်း စသည်တို့ကို အနည်းအကျဉ်းမျှဖြစ်ဖြစ် သဘောပေါက်ကြရမည်။ ထို့ပြင် နိုင်ငံဟု ဖွဲ့စည်းပုံဖွဲ့စည်းနည်း၊ အုပ်ချုပ်ရေးဟု စည်းမျဉ်းချုပ်ပုံ ချနည်းတို့ကိုလည်း တတ်ကျွမ်းကြရမည်ဖြစ်သည်။

တစ်ဖက်၌ အုပ်ချုပ်ရေးပညာမှာ ကျယ်ဝန်းလာသည်။ အခြားတစ်ဖက်၌မူကား အုပ်ချုပ်ရေးဆိုသည်မှာ သူကြီး၊ ရဲ၊ မြို့အုပ်၊ မြို့ချုပ်တို့က စိတ်ကူးတည့်ရာ အမိန့်ပေးလျှင် အုပ်ချုပ်ရေးဖြစ်လာသည်ဟု ထင်နေကြသည်။

ဤအထဲတွင် ယခုခေတ်မြို့ပြ အုပ်ချုပ်ရေးဆိုသည်မှာ ရှေးခေတ်ကထက်ပို၍ သိမ်မွေ့သော သဘောရှိလာသည်။ မြို့ပြအုပ်ချုပ်ရေးမှာ အရပ်သားက အရပ်သားကို ဥပဒေဖြင့်အုပ်ချုပ်သော နည်းဖြစ်သည်။ မြို့ပြအုပ်ချုပ်ရေး၏ အောင်မြင်မှုမှာ ခြောက်လုံးပြူးကို ခါးမှာမထိုးဘဲ ဥပဒေစည်းမျဉ်းအတိုင်း အာဏာတည်အောင် လုပ်ဆောင်ခြင်းအပေါ်၌

mgyoe.com



တည်သည်။

ယင်းကဲ့သို့ လုပ်ဆောင်ရာ၌ အစစအရာရာတွင် အုပ်ချုပ်ခြင်းခံရသူ လူထု၏ သဘောတူညီချက်ကို ရနိုင်မှသာ ချောချောမွေ့မွေ့ ဖြစ်နိုင်သည်။ လူထု၏ သဘောတူညီချက်ရရန်မှာ လူထုက သိရှိနားလည်သဘောပေါက်နိုင်မှသာ ရနိုင်မည်။ ထို့ကြောင့်လည်း ယခုခေတ် အုပ်ချုပ်ရေးပညာရှင်တို့သည် ပြည်သူ့ဆက်ဆံရေးသဘောတရားများကို အလေးဂရုပြုလာခြင်းပင်ဖြစ်သည်။

ယခု ဖျူရိုကရေစီစနစ်ကို တိုက်ဖျက်ရာ၌ ပထမအဓိကဖြစ်သော မင်းတုစိုးယောင် စိတ်တို့ကို တော်လှန်နိုင်မှသာ နောက်တစ်ဆင့် ဗျူရိုကရေစီကို ပယ်ဖျက်နိုင်လိမ့်မည်ဖြစ်သည်။

သို့သော် ဗျူရိုကရေစီဝါဒအစရှိသော ဝါဒရေးရာ တိုက်ပွဲတို့တွင် အရေးအကြီးဆုံးမှာ တိုက်ပွဲဝင်သူတို့ကိုယ်တိုင် ဗျူရိုကရက် ဖြစ်မသွားဖို့ အရေးကြီးသည် ဝါဒတိုက်ပွဲတို့တွင် ရန်သူကိုတိုက်ရင်း မတ်တတ်နှင့် မိမိပါ ရန်သူ၏ အသိုင်းအဝိုင်းထဲသို့ ရောက်သွားတတ်သော လောကဓမ္မတာကို ကျွန်တော်တို့သည် အမြဲတစေ ဆင်ခြင်နိုင်မှသာ တော်ရုံကျချိမ့်မည်။ ။

မြဝတီမဂ္ဂဇင်း၊ အတွဲ ၁၀၊ အမှတ် ၁၃၊ နိုဝင်ဘာ၊ ၁၉၆၂။

mgyoe.com

mgyoe.com

## လူလားမြောက်သော အရွယ်

မြန်မာပြည်ဖွား တိုင်းရင်းသားလူမျိုးများသည် လွတ်လပ်ရေးစိတ်ဓာတ် ပြင်းပြသော လူမျိုးများဖြစ်ကြသည်။ နိုင်ငံလွတ်မြောက်ရေးကို ကြိုးပမ်းကြသောအခါ သူက မြန်မာ၊ ငါက ကရင်၊ သူက ချင်း၊ ငါက ကချင်၊ သူက ရှမ်း၊ ငါက ကယား၊ သူက ရခိုင်၊ ငါက မွန်တည်းဟူသော လူမျိုးအုပ်စုကွဲစိတ်ဓာတ်ဖြင့် ကြိုးပမ်းခဲ့ကြသည်မဟုတ်။ ငါတို့ တိုင်းရင်းသားအားလုံး အတူတူဟူသော စိတ်ဓာတ်ဖြင့်သာ ကြိုးပမ်းခဲ့ကြသည်။ ဤအကြောင်းကြောင့် ဤခေတ်သမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံဟူသော အနှစ်သာရသည် ထင်ရှားပေါ် လွင်လာခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုတည်းဟူသော အစုအပေါင်းစိတ်ဓာတ်သည် တစ်စတစ်စနှင့် ဖွံ့ဖြိုးလာပြီဖြစ်ရာ မြန်မာအင်္ဂလိပ်စစ်ပွဲများမှစ၍ ဗြိတိသျှကို တိုင်းရင်းသားလူမျိုးများက စုပေါင်းတိုက်ခိုက်သည့်သမိုင်းကို ဤဆောင်းပါး၌ အထူးချဲ့ထွင် အစီရင်ခံရန်ပင် မလိုတော့ဟု သဘောရပါသည်။ သမိုင်းကိုမျက်မှောက်ပြု၍ စီရင်ရေးသားသော ကျမ်းအစောင်စောင်တို့တွင် ရှေးမှီနောက်မှီ စာရေးဆရာများတင်ပြနေသော အချက်အလက်တို့ကို နှောင်းလူတို့ ဂရုစမ္မပြု၍လေ့လာကြပြီးလျှင် ယခု ဖွံ့ဖြိုးတိုးတက်လာသော ပြည်ထောင်စုအစုအပေါင်းစိတ်ဓာတ်ကို ထပ်မံဆက်

mgyoe.com

mgyoe.com



လက်၍ ပြုစုပျိုးထောင်သွားကြဖို့သာ တိုက်တွန်းလိုပါသည်။

ကျွန်တော်တို့သည် လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းလာကြသည်မှာ နှစ်ပေါင်းနှစ်ဆယ် ရှိသွားပါပြီ။ ထိုနှစ်ပေါင်းနှစ်ဆယ်ဆိုသည်မှာ ကြာမြင့်သောကာလ မဟုတ်သေးပါ။ သမိုင်းသဘော၌ ထိုမျှသောကာလသည် လက်ပစ်တစ်တွက် လျှပ်တစ်ပြက်စာမျှသာရှိပါသည်။ ထိုကာလအတွင်း လွတ်လပ်ရေးအစဉ်အလာမပျက်ခဲ့သော နိုင်ငံကြီးများပင်လျှင် စစ်ပြီးခေတ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စစ်မဖြစ်မီက အခြေအတိုင်း ပြန်လည်အသားကျအောင် လုပ်၍ မပြီးနိုင်ကြသေးပါ။

တခြားကိုမကြည့်ပါနှင့်။ ဒုတိယကမ္ဘာစစ်ကြီး ပြေငြိမ်းပါပြီဟုဆိုသည့်အထဲက ဆိုက်ပရပ်ကျွန်း ပဋိပက္ခ၊ အီဂျစ်–အစ္စရေးတိုက်ပွဲ၊ ဗီယက်နမ်စစ်ပွဲ စသည်တို့ကိုပင်လျှင် မီးငြိမ်းအောင် မဆောင်ရွက်နိုင်ကြသေးပါ။ ထို့ပြင် ကုလသမဂ္ဂကြီးကို တည်ထောင်လာခဲ့ကြသည်မှာ ၂၂ နှစ်ရှိပါပြီ။ သို့ပါလျက်နှင့် ထိုမျှသောကာလအတွင်း ကုလသမဂ္ဂ၏ မူလရည်ရွယ်ချက်တို့သည် အပြီးသို့မရောက်နိုင်ဘဲ တန်းလန်းကျန်နေသေးသည်ကို တွေ့နေကြရသည်။

ထို့ကြောင့် ထိုအနှစ် နှစ်ဆယ်မျှသော ကာလသည် ကြာလှပြီ မဟုတ်ပါလောဟု စိတ်မစောသင့်သေးပါ။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဖွားမြင်သော မြန်မာတိုင်းရင်းသားသည် ယနေ့မှ အသက်နှစ်ဆယ်ပြည့်ပါသည်။ လူ့သက်တမ်းတွင် အနှစ်နှစ်ဆယ် ဆိုသည်မှာ လောကခြင်းရာကို စာတွေ့ဖြင့် လေ့လာဆဲသာဖြစ်သည်။ ငါတွေ့ များစွာ မပါသေးပါ။ တရားဥပဒေသဘော၌ အသက် ၁၆ နှစ်ပြည့်လျှင် လူလားမြောက်ပြီဟု ယူဆရသည် မှန်ပါသည်။ သို့သော် ထိုသဘောမှာ ကောင်း မကောင်း၊ မှန် မမှန် ဝေဖန်ပိုင်းခြား၍ စဉ်းစားတတ်သော

mgyoe.com

mgyoe.com


အချက်ကိုသာ အထူးပြုသည်။ ထို့ကြောင့် ထိုအရွယ်၌ နိုင်ငံသားတို့၏ ပြုဖွယ်တာဝန်ကို ဆောင်ရွက်တတ်ပြီ။ ထိုသို့ ဆောင်ရွက်တတ်သူအား နိုင်ငံသားတို့ရပိုင်ခွင့် အခွင့်အရေးကို အပ်နှင်းနိုင်သည်ဟူ၍ ဥပဒေကြောင်းအရ ယူမှတ်ကြရသည်။ သို့သော် လက်တွေ့၌မူကား ထို ၁၆ နှစ်အရွယ် လူငယ်လုံမငယ်တို့မှာ ကြီးကောင်ဝင်စမျှသာရှိ၍ ပညာသက်တမ်းအားဖြင့် နုနယ်သေးသည်။ အတွေ့အကြုံ မပြည့်စုံသေး။ လက်တွေ့ဗဟုသုတ မရှိသေး။ စိတ်ပျံ့လွင့်တတ်သောအရွယ်မှ လွန်မြောက်စသာ ရှိသေးသည်ဟု ဆိုဖွယ်ရာရှိနေသည်။

ကျွန်တော်တို့ မြန်မာအယူအားဖြင့် အသက်နှစ်ဆယ်တင်းတင်း ပြည့်မှ လူကြီးဖြစ်သည်ဟု ဆိုကြစမြဲဖြစ်သည်။ အသက်နှစ်ဆယ်ပြည့်မှ ပဉ္စင်းတက်နိုင်ခွင့်ရှိသော အချက်ကို သတိမူကြစေလိုပါသည်။ အနောက်နိုင်ငံတွင် အသက်နှစ်ဆယ့်တစ်နှစ်ပြည့်မှ ဝေဖန်ပိုင်းခြားနိုင်သောအရွယ်သို့ ရောက်သည်ဟု ဆိုကြပါသည်။

ယေဘုယျကိုကြည့်လျှင် အသက်နှစ်ဆယ်အရွယ် နှစ်ဆယ့်တစ်နှစ်အရွယ်တို့သည် တက္ကသိုလ်ကျောင်းသားအရွယ်၌ပင် ရှိနေကြပါသေးသည်။ တက္ကသိုလ်ကျောင်းသားအရွယ်၌ လူငယ်လုံမငယ်တို့သည် အခြေခံပညာရေးမှတစ်ဆင့် အထက်တန်းပညာရေးကို တက်လှမ်းကြသည်။ သာမညအားဖြင့်ပြောရလျှင် ထိုအရွယ်ရှိ လူငယ်လုံမငယ်တို့သည် ပညာသင်တုန်းအရွယ်၌ ရှိသည်ဟု ဆိုရပေမည်။ ထိုအခြေမှ တစ်ဆင့် လူငယ်လူရွယ်တို့ တက်လှမ်းကြပါဦးမည်။

ဤဥပမာအတိုင်း လွတ်လပ်ရေးသက္ကရာဇ်ကို ဆင်ခြင်လိုက်သောအခါ ကျွန်တော်တို့၏ လူမျိုးနှင့် တိုင်းပြည်မှာ ယေဘုယျအားဖြင့် ယခုမှ ကြီးကောင်ဝင်လာပြီဟု ဆိုရန်ရှိသည်။ ဤအရွယ်၌ အခြေခံပညာရပ်များမှတစ်ဆင့် အထက်တန်းပညာရပ်များကို တက်လှမ်းနေကြပြီ

mgyoe.com

mgyoe.com



ဟု ဆိုခြင်းကြောင့် ကျွန်တော်တို့လည်း တစ်ဆင့်တက်ကြမှ တော်လိမ့်မည်။ သို့သော် မည်သည့်အဆင့်ကို တက်ကြရမည်နည်း။

ပြည်ထောင်စုစိတ်ဓာတ် ဖွံ့ဖြိုးလာပုံကို ကျွန်တော် ပြောပြခဲ့ပြီးပါပြီ။ ဤပြည်ထောင်စုစိတ်ဓာတ်မှတစ်ဆင့် တစ်မျိုးသားလုံး၏ စည်းရုံးညီညွတ်ရေးကို ကျွန်တော်တို့ မျှော်မှန်းကြရန် ရှိနေပါသည်။ ပြည်ထောင်စု စိတ်ဓာတ်သည် အခြေခံကောင်းနေပါပြီ။ သို့သော် ဤမျှနှင့် ကျွန်တော်တို့၏ခရီးသည် ပြီးဆုံးပြီဟု မဆိုနိုင်သေး။ ပြည်ထောင်စုသားအချင်းချင်း စိတ်တူသဘောတူ ပူးပေါင်း၍ ပြည်ထောင်စုကြီး၏ စီးပွားရေး၊ လူမှုရေးများကို တိုးတက်အောင် လုပ်ကြရပါဦးမည်။

တစ်မျိုးသားလုံး၏ ညီညွတ်ရေးဟုပြောလျှင် ထိုအပြောမှာ အပ်ကြောင်းထပ်နေပြီဟု တွေးမိကောင်း တွေးမိကြပေမည်။ အနော်ရထာ၊ ကျန်စစ်သားခေတ်က ကျွန်တော်တို့ ညီညွတ်ရေး တည်ဆောက်ခဲ့ကြ၏။ တပင်ရွှေထီး၊ ဘုရင့်နောင်လက်ထက်ကလည်း ကျွန်တော်တို့ မြန်မာနိုင်ငံကြီးသည် စည်းလုံးညီညွတ်ခဲ့ကြ၏။ အလောင်းမင်းတရား၊ ဆင်ဖြူရှင်တို့ကလည်း မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှုကို ဆောင်ကြဉ်းပေးခဲ့ကြ၏။ သို့ရာတွင် ထိုညီညွတ်မှုတို့သည် ယိုယွင်းခဲ့ကြသည်ချည်းပင်။ ညီညွတ်မှု တည်ဆောက်သည်မှာ ယိုယွင်းဖို့ဖြစ်လာလျှင် ဘာအကျိုးထူးမှာလဲ။ ဤသို့မေးသည်ရှိသော် မေးသူကို အပြစ်တင်ရန်မသင့်ချေ။ အဘယ်ကြောင့်ဆိုသော် သမိုင်းအတွေ့အကြုံအရ ပြောရလျှင် ကျွန်တော်တို့သည် ညီညွတ်ပါပြီဟု ဆိုပြီးသည့်နောက်ပိုင်း၌ သူတလူငါတစ်မင်း တစ်စင်ထောင်ခြင်းနှင့်သာ ကြုံတွေ့ခဲ့ရသောကြောင့်ဖြစ်သည်။

သို့သော် ဤ၌လည်း အဘယ်ကြောင့် တစ်စင်ထောင်သောသဘောတရားများ ပေါ်ပေါက်ခဲ့ရပါသနည်းဟု စစ်ဆေးကြည့်ရန် ရှိနေ

mgyoe.com

mgyoe.com


ပါသည်။ ဤအချက်သည် သမိုင်းသုတေသီပုဂ္ဂိုလ်တို့ သုတေသနပြုရန် အချက်ဖြစ်သည်။ ကျွန်တော်၏ အတ္တနောမတိအရ ထင်မြင်ချက်ပေးရမည်ဆိုပါလျှင် ညီညွတ်ပြီးသော နောက်ပိုင်း၌ မြန်မာနိုင်ငံသည် တိုးတက်ဖွံ့ဖြိုး ကြွယ်ဝချမ်းသာလာသောအခါ ချမ်းသာသောဒဏ်ကို မခံနိုင်၍ ကွဲကြ ပြိုကြပါသည်ဟု ထင်မြင်မိသည်။

ရှေးမြန်မာမင်းတို့ မြန်မာနိုင်ငံကို ညီညွတ်အောင် ဆောင်ရွက်ပြီးသောအခါ ယေဘုယျအားဖြင့် တိုင်းပြည်သည် ကြွယ်ဝချမ်းသာလာပါသည်။ ပုဂံခေတ်ကောင်းစားစဉ်၊ တောင်ငူခေတ်ကောင်းစားစဉ်၊ အင်းဝခေတ်ကောင်းစားစဉ် ဤကဲ့သို့ ကောင်းစားစဉ် အချိန်အခါကဆိုလျှင် တိုင်းပြည်တို့သည် သာယာဝပြော စည်ပင်လာကြသည်။ ယင်းခေတ်ကို မှီလိုက်သူ နိုင်ငံခြားသားတို့၏ အရေးအသားများတွင် မြန်မာနိုင်ငံသည် တကယ်ပင် ရွှေမိုးငွေမိုး ရွာနေဘိသကဲ့သို့ ရှိသည်ဟု ဆိုကြပါသည်။ ထိုခေတ်ထိုအခါက မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့၌ စားဝတ်နေရေးအဆင့်အတန်းသည် အချို့နေရာတို့၌ ဥရောပတိုက်၏အဆင့်အတန်းထက်ပင် သာသည်ဟု ယူဆရန် အကြောင်းများစွာကို တွေ့ခဲ့ကြရပါသည်။

သို့သော် ချမ်းသာလာသောအခါ ယင်းချမ်းသာမှုကို အဝွန့်ရှည်စွာ တည်အောင်ဆောင်ရွက်နိုင်ပါလေစဟု တွေးတောစရာ အကြောင်းများ ရှိနေပါသည်။ ကြွယ်ဝချမ်းသာလာသောအခါ ရှိသူနှင့် မရှိသူသည် အတော် ပင် အလှမ်းကွာဝေးလာကြသည်ဟု ကျွန်တော် တွေ့မိပါသည်။ ရှိသူတို့သည် ရှိသည့်အလျောက် မိမိတို့အတွက် အခွင့်အရေးများကို တီထွင်ကြသည်။ မရှိသူတို့ကား အခွင့်အရေး ကင်းမဲ့သော လူတန်းစားအဖြစ်သို့ လျှောကျသက်ဆင်းရလေသည်။ ဤသို့ အခွင့်အရေးတန်းတူ ဖွံ့ဖြိုးခြင်းနှင့် ကင်းဝေးလာကြသောအခါ ပဒေသရာဇ် ကေရာဇ်ခေတ်တွင် သူဆင်းရဲမျိုး၊ သူကောင်းမျိုး၊ မင်းမျိုးမင်းနွယ်တို့၏ အဆင့်အတန်း

mgyoe.com

mgyoe.com



များသည် တစ်ခုနှင့်တစ်ခု လက်လှမ်းမမီနိုင်အောင် ဖြစ်လာကြသည်။ ဤသည်မှအစပြု၍ အခွင့်အရေးရသော လူမျိုး၊ အခွင့်အရေးကင်းမဲ့သော လူမျိုးစသဖြင့် ကွဲပြားခြားနားလာကြသည်။ ဤကွဲပြားခြားနားမှုများ ကြီးကျယ်လာသောအခါ ခွဲခြားခွဲခြားစိတ်ဓာတ်တို့သည် မြန်မာ့လူ့ ဘောင်ကို ဖြိုခွင်းလာကြပြန်သည်ဟု ယူဆမိပါသည်။ မူလက တစ်စိတ် တစ်ဝမ်းတည်း တိုင်းပြည်ကို ထူထောင်လာသူတို့သည် မျိုးရိုးကိုလိုက်၍ တစ်စင်ထောင်လာသည်ဟု ယေဘုယျအားဖြင့်ယူဆရန်ရှိသည်။ ရာဇဝင် စကားဖြင့်ပြောရလျှင် တစ်စုနှင့်တစ်စု ပုန်ကုန်ခြားနားလာကြသည်ဟု ပြောရပေမည်။

ဤသဘောကိုပြန်၍ စိစစ်၍ အကျဉ်းချုပ်ပြောရလျှင် လူထုကို အရင်းတည်၍ ညီညွတ်မှုရောက်အောင် လုပ်ဆောင်ခဲ့ကြပြီးကာမှ အခွင့် အရေးမညီမျှမှုကို အကြောင်းပြု၍ စိတ်ဝမ်းကွဲလာကြပြန်သည်ဟု ဆို ရပေမည်။ တစ်နည်းဆိုသော် လူထုကိုအခြေခံ၍ တည်ဆောက်သော ညီညွတ်ရေးကို အခွင့်အရေးသမားတို့က ဖြိုခွင်းသည်ဟု ဆိုရန်ရှိနေ သည်။ ညီညွတ်ရေးတည်ဆောက်ပြီး၍ နှစ်ပေါင်းတစ်ရာ နှစ်ရာမျှ ကြာ လတ်သောအခါ မင်းစိုးရာဇာဂိုဏ်းဝင်တို့က လူထု၏ အကျိုးစီးပွားကို မဆောင်ရွက်နိုင်ဘဲ သူတို့၏မိဖုရားများ၊ အလုပ်အကျွေးများ၊ သားတော် သမီးတော်များ၊ မြေးတော်မြစ်တော်များအတွက် မြို့စားရွာစား အခွင့် အရေးများကိုသာ လုံးပမ်းခဲ့ကြပုံကို ယခုခေတ်သမိုင်းဆရာတို့က စနစ် တကျ ပြန်လှန်သုံးသပ်ကြည့်သင့်လှပေသည်။

လူထုကို အကျိုးပြုသော ခေါင်းဆောင်များ ထွန်းကားသည့် ကာလ ၌ ဘုရင်မှစ၍ မှူးကြီးမတ်ရာ၊ သေနာပတိ သူဌေးသူကြွယ် အားလုံး တို့သည် တစ်မျိုးသားလုံး အတူတကွချမ်းသာဝပြောအောင် ဆောင်ကြဉ်း ကြသည်နှင့်အမျှ တစ်ကိုယ်ကောင်းကိုသာ ဆောင်ရွက်သောခေတ်၌

mgyoe.com

mgyoe.com


အနော်ရထာ၊ ကျန်စစ်သားစသည့် ပုဂ္ဂိုလ်တို့၏ ကောင်းမွေများကို ခံစားကြပြီးလျှင် အနာဂတ်အတွက် ဆိုးမွေများကို ပေးခဲ့ကြသည်။

ထို့ကြောင့် တိုးတက်လာသောဤခေတ်၌ ကျွန်ုပ်တို့သည် လူထုခေတ်ကို တည်ထောင်ရန် ဆန္ဒပြုခဲ့ကြခြင်းဖြစ်သည်။ ရှေးခေတ်က နိုင်ငံရေးကြိုးပမ်းခဲ့သော ရှေးသူဟောင်း ပုဂ္ဂိုလ်ကြီးတို့၏ အာသီသကိုကြည့်လျှင် ဘုရင်စနစ်ကို ပြန်လည်အသက်သွင်းရန် အာရုံပြုခဲ့ကြသည်ကို ကျွန်တော်တို့တွေ့ရမည်။ ကျွန်တော့်ကိုယ်တွေ့တစ်ခုကို ပြောရပါက ဂျပန်ခေတ်အတွင်း ဘုရင်စနစ်ကို ပြန်လည်ထုတ်ဖော်ရန် လှုံ့လပြုခဲ့ကြောင်းကို ကိုယ်တွေ့သိရှိခဲ့ရသည်။ ဂျပန်တို့ မြန်မာနိုင်ငံမှ ဆုတ်ခွာခါနီးတွင် ရှေးမြန်မာမင်းတို့၏ အဆက်အနွယ် တစ်ဦးစ နှစ်ဦးစတို့သည် ခေတ်ဟောင်း အတွေးအခေါ်ဖြင့် မြော်မြင်ပြီးလျှင် မင်းဆက်တစ်ဆက် တည်ထောင်ရန် ကြံစည်ခဲ့ဖူးသည်ကိုလည်း ကျွန်တော် မြင်ခဲ့ရဖူးသည်။ သို့သော် ယင်းအကြံတို့မှာ ခေတ်နှင့်လားလားမျှ မဆီလျော်သောကြောင့် ကြံစည်ဆဲခဏတွင်ပင် ကွယ်ပျောက်ပျက်သုန်းခဲ့သည်။ တစ်ခဲနက်သော လူထုမှာကား သွားလေသူဘုရင်တို့ကို အားမကိုးဘဲ မိမိတို့၏ လူထုအင်အားကိုသာအားကိုး၍ လူထုခေတ်ကို တည်ထောင်မြဲ တည်ထောင်လာကြသည်။ ဤအကြောင်းကြောင့် အာဏာသည် လူထုလက်ထဲ၌ ရှိနေသည်ဟုဆိုရသောအခြေသို့ ကျွန်တော်တို့ ဆိုက်ခဲ့ကြပါသည်။ ယခု လူထုခေတ်၌ လူထုသည် ပြည်ထောင်စုစိတ်ဓာတ်ကို အခိုင်အမာ တည်ဆောက်ပြီးသည့်နောက် အမျိုးသားညီညွတ်ရေးကို ဆက်လက်ပြုစု ပျိုးထောင်သွားကြရပါမည်။

သို့သော် ရှေးခေတ်ကကဲ့သို့ရှိသူနှင့် မရှိသူ၊ မင်းမျိုးနှင့် ဆင်းရဲသားစသည်တို့ အဆင့်အတန်း ကွာခြားနေကြပါမူကား၊ ခေါင်းဆောင်နှင့် နောက်လိုက်စည်းရုံးခြင်းဟူသောသဘော ရှိနိုင်မည်မဟုတ်ချေ။ ခေါင်း

mgyoe.com

mgyoe.com



ဆောင်ပိုင်းသည် မြေပေါ်သို့ခြေမချနိုင်ပဲ၊ ကောင်းကင်တွင် တန်းလန်း တန်းလန်းနှင့် လွင့်ပါးနေပြီဆိုပါက လူထုတစ်ရပ်လုံးကို ညီညွတ် အောင်မည်သူမျှ စည်းရုံးနိုင်ကြမည်မဟုတ်။ ရှေးအစုအစဉ်အတိုင်း ပျူ၊ ကမ်းယံ၊ သက်၊ ကွဲကြသကဲ့သို့ပင် ကွဲကြရဖွယ်ရှိလိမ့်မည်။ ဤ အကြောင်းကြောင့် ယခုခေတ်၌ စီးပွားရေး၊ လူမှုရေးတို့တွင် လူတိုင်း လူတိုင်းမျှတသော အခွင့်အရေးများ ထွန်းကားလာလေအောင် ဆိုရှယ် လစ်အခြေခံတရားကိုယ်တို့ကို မြန်မာ့ပထဝီ သွင်ပြင်အနေအထား မြန်မာ့ အတွေးအခေါ်မြော်မြင်ရေး သဘောထားစသည်တို့နှင့်ယှဉ်၍ တိုင်းပြု ပြည်ပြုလုပ်ငန်း၌ အသုံးပြုလာကြရခြင်းဖြစ်သည်။ မျှတသောလူမှုရေး၊ စီးပွားရေးတို့ပေါ်ပေါက်လာသောအခါ ကျွန်တော်တို့ တိုင်းရင်းသား အချင်းချင်းတို့သည် စိတ်တူသဘောတူ ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် ဖြစ်လာကြမည်အမှန်ပင်၊ ယနေ့ ကျွန်တော်တို့ အလိုရှိနေသော ညီညွတ် ရေးသည် ရှေးခေတ်က မြို့စား၊ ရွာစား၊ မင်းညီမင်းသားတို့ ကိုယ်ကျိုး အလို့ငှာ နယ်ပယ်သတ်မှတ်၍ ညီညွတ်ကြသော ညီညွတ်ရေးမျိုးနှင့် အလျဉ်းမတူ။ တိုင်းရင်းသားအချင်းချင်း မရှိအတူရှိအတူ အေးအတူ ပူအမျှသဘောဖြင့် ဆက်ဆံပေါင်းသင်း၍ မြန်မာ့ရေမြေမှ ပေးအပ်ထား သော သယံဇာတပစ္စည်းများကို စိတ်တူသဘောတူ ထုတ်လုပ်စိမ်၍ အချင်းချင်းမျှတအောင် ဝေငှသုံးစွဲကြရမည့် ညီညွတ်ရေးမျိုးဖြစ်သည်။ ဤညီညွတ်ရေးမျိုးကို တည်ဆောက်မည်ဆိုလျှင် လူမှုရေး၊ စီးပွားရေး တောင့်တင်း ခိုင်မာခြင်းကို အခြေတည်ကြရမည်။

ဤ၌လည်း အခြေအနေအမှန်ကို သိအောင် ပြန်လှန်ဆန်းစစ် လိုသူက ကျွန်တော်တို့သည် ယခုဖော်ပြနေသော လူမှုရေး၊ စီးပွားရေး၌ မည်မျှတောင့်တင်းခိုင်မာနေပါသနည်းဟု မေးဖွယ်ရှိသည်။ ဖြေရန်မှာ ကား မတောင့်တင်းသေးပါ မခိုင်မာသေးပါဟုသာ ဖြေဖို့ရှိနေသည်။

mgyoe.com

mgyoe.com


အချို့ကမူ ဤအခြေကို ဖြေရင်းနှင့် ချွတ်ယွင်းပုံ၊ ချို့တဲ့ပုံတို့ကို အမျိုးမျိုး ပြောကြပေမည်၊ မအောင်မြင်သော အရာတို့ကိုလည်း တစ်ခုစီ တစ်ခုစီ လက်ညှိုးထိုး၍ပြကြပေလိမ့်မည်။ ဤသို့ထုတ်ဖော် ပြသပြောဆိုသည်ကို မဟုတ်ပါဟု ဇွတ်အတင်းငြင်း၍ ကျွန်တော်တို့ ခေတ်၌ ကျွန်တော်တို့ လုပ်ခဲ့သမျှသည် အားလုံး ပထမတန်းချည်းပဲဟု ကျွန်တော် ပြောဆိုရန် မရည်ရွယ်ပါ။ ရည်ရွယ်မိသည်ရှိသော် ကျွန်တော့်ကို အများက ဝိုင်း၍ ရယ်ကြပါလိမ့်မည်။

သို့သော် ဘာတစ်ခုမျှနေရာမကျ၍ အားလုံးလွှင့်ပစ်ရတော့မည် လောဟူ၍လည်း တစ်ဖက်မှနေ၍ စဉ်းစားကြည့်စေလိုပါသည်။ သို့မှ အမှန်ကိုမြင်ရပါမည်။ မှားတာတွေကိုချည်းကြည့်ပြီး ထိုအမှားများ အပေါ်၌သာ ဉပါဒါန် ကပ်ငြိနေပါလျှင် အမှန်ကိုမြင်သော်လည်း အမှန် ဟု မှတ်မိဖို့ ခဲယဉ်းလာစရာအကြောင်းရှိသည်။ အမှားအမှန်ကို ပိုင်း ခြား၍ ကြည့်ပြီးလျှင် အမှန်တရားတို့ ဆင့်ကဲဆင့်ကဲတိုးပွားအောင် ဝိုင်း ၍လုပ်ကြမှ အမှားဟူသရွေ့ ကျဆင်းပြီးလျှင် အမှန်တရားတို့ ထိပ်ဆုံး သို့ တက်လာကြပါမည်။

စားဝတ်နေရေးအဆင်မပြေသောအခါ လူတို့သည် ညည်းညူတတ် ကြသည်။ ညည်းညူသည်ကို အပြစ်မြင်ရန်မသင့်ပါ။ ဤသို့ ညည်းညူ ရလေမည်လောဟု ကြီးလေးသော အပြစ်ဒဏ်ကိုထားလျှင် ညည်းညူ သံ ပျောက်နိုင်မည်မထင်ပါ။ ညည်းညူသံကိုပင်လျှင် တရားကျအောင် ရှုတတ်လျှင် ထိုဒုက္ခဖြစ်ခြင်း အကြောင်းအရင်းကိုမြင်၍ ဒုက္ခမှ လွတ် မြောက်ခြင်းကို ရှာကြံနိုင်ဖွယ်ရှိပါသည်။ ထို့ကြောင့် ညည်းသံကိုပင် လျှင် တရားနှင့်ဆင်ခြင်တတ်လျှင် အကျိုးဖြစ်ထွန်းဖွယ် ရှိပါလိမ့်မည်။

ထို့ကြောင့် မည်သူမည်သို့ မြည်တမ်းနေသည်ပင်ဖြစ်စေ၊ ဖြစ်ရပ် မှန်တို့ကို ခေတ်ကာလနှင့်အညီ၊ ဒေသနှင့်အညီ ရှုတတ်မြင်တတ်အောင်

mgyoe.com

mgyoe.com



ကြိုးစားလျှင် တက်လမ်းကို မြင်ရပါလိမ့်မည်။ စိတ်ဓာတ်ကျဖွယ်ရာ မရှိပါ။ ယခု ကျွန်တော် နမူနာအားဖြင့် တစ်ချက်နှစ်ချက်လောက်ကို တင်ပြပါရစေ။

ကျွန်တော်တို့ ဗြိတိသျှလက်အောက်ခံဘဝ၌ နေထိုင်ခဲ့ကြစဉ်က မြန်မာ့စီးပွားရေးဆိုသည်ကို ပြန်ကြည့်ကြပါ။ ထိုစဉ်က ကျွန်တော်တို့၏ ဘဝသည် ထင်းခွေရေခပ်ဘဝမျှသာ ဖြစ်ပါသည်။ တချို့က ထိုခေတ် ထိုအခါ၌ မြန်မာနိုင်ငံတွင် သူဌေးသူကြွယ် ပေါများသည်ကို နောက်ကြောင်းပြန်၍ ပြောတတ်ကြသည်။ သို့သော် ထိုခေတ်က မြန်မာနိုင်ငံတွင် သူဌေးသူကြွယ် ဘယ်နှယောက်ရှိပါသလဲဟုမေးလျှင် အမေးခံရသူသည် လက်ချောင်းငါးချောင်းကို ပြည့်အောင် ရေတွက်ပြခြင်းငှာ ပြုနိုင်မည် မဟုတ်ပါ။ သူဌေးဆိုသူတို့ မည်မျှဌေးကြသည်ကိုလည်း သူတစ်ပါးနိုင်ငံ သူဌေးများနှင့် နှိုင်းယှဉ်၍မပြနိုင်ပါ။ ဌေးပုံဌေးနည်းကို စိစစ်ကြည့်လျှင် သူဌေးကတော်၌ စိန်နားကပ် ဘယ်နှရန်ရှိသည်ကိုသာလျှင် စာရင်းချ၍ ပြနိုင်ကြသည်။ စိန်နားကပ်သည် တိုင်းပြည်စီးပွားရေးအခြေခံ မဟုတ်ပါ။ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်နိုင်ငံများတွင် ထွန်းကားသော မီလျံနာသူဌေးတို့သည် မြန်မာသူဌေးအားလုံးကို ဈေးမဆစ်ဘဲ ဝယ်ယူနိုင်သော ဘဏ္ဍာရေး၊ စီးပွားရေးအခြေအနေရှိကြပါသည်။ သို့သော် ယင်းသူဌေးကြီးများ၏ သူဌေးကတော်များသည် စိန်နားကပ်ကို မပန်ကြချေ။ စိန်နားကပ်ပန်မည့်အစား ကမ္ဘာ့အနုပညာလက်ရာပစ္စည်းများကို နောင်လာနောက်သားတို့ သိမှတ်လေ့လာရန်အလို့ငှာ စုဆောင်းထိန်းသိမ်းထားလေ့ရှိသည်။

ထို့ကြောင့် ထိုခေတ်က သူဌေးဖြစ်ခဲ့ရသည်ကို အထင်ကြီးစရာ မရှိပါ။ စင်စစ်မှာ ကျွန်တော်တို့တိုင်းရင်းသားများသည် နိုင်ငံခြားသား၏ တစ်ဆင့်ခံများသာဖြစ်ပါသည်။ နိုင်ငံခြားသားလက်ထဲတွင် ကွမ်းယာဆိုင်

mgyoe.com

မှအစပြု၍ ဆီစက်ကြီးများ၊ ဆန်စက်ကြီးများ၊ သကြားစက်ကြီးများ၊ ဘိလပ်မြေစက်ကြီးများ၊ ရေနံချက်စက်ကြီးများ၊ သတ္တုတွင်းနှင့် သတ္တုလုပ်သောစက်ကြီးများ ရှိခဲ့ကြပါသည်။ အတိုချုံး၍ဆိုချင်သည့် အဓိပ္ပာယ်မှာ ထိုစဉ်က စီးပွားရေး အခြေခံစခန်း ဟူသမျှသည် နိုင်ငံခြားသား လက်ထဲ၌သာ ရှိပါသည်။

ယနေ့ ဤအခြေခံစခန်းများကို ကျွန်တော်တို့တိုင်းရင်းသားများ အစုအပေါင်းသဘောဖြင့် သိမ်းပိုက်ခဲ့ကြပါပြီ။ ယနေ့ မြန်မာတို့၏ စက်မှုလက်မှုလုပ်ငန်းများကို ပြန်ကြည့်ပါ။ ကိုလိုနီဘဝ၌ မရှိခဲ့ဖူးသော ချည်စက်များ ရှိလာပါပြီ။ ကိုလိုနီဘဝ၌ သာမညမျှသာဖြစ်သော ဘိလပ်မြေစက်ရုံကို ယခုခေတ်၌ တိုးချဲ့တီထွင် လုပ်ကိုင်နိုင်ကြပါပြီ။ ကိုလိုနီခေတ်က ရေနံတွင်း၊ သတ္တုတွင်းအနီးသို့မျှပင် မသီရသော မြန်မာတိုင်းရင်းသားတို့သည် ယခု ရေနံတွင်း၊ သတ္တုတွင်းများကို ကိုယ်တိုင်ကိုယ်ကြပ် ထုတ်လုပ်နိုင်ကြပါပြီ။ ထုတ်လုပ်မှု တိုးတက်သည် မတိုးတက်သည်ဆိုသောကိစ္စမှာ ကျွမ်းကျင်မှုအပေါ်၌ တည်ပါသည်။ မိမိကိုယ်တိုင်လုပ်ကိုင်တတ်မှသာ ကျွမ်းကျင်မည်ဖြစ်သည်။ ကာလရှည်ကြာစွာ လေ့ကျင့်မှသာ ကျွမ်းကျင်မည်ဖြစ်သည်။ သို့သော် လက်ငင်း၌ အရေးကြီးသည်မှာ ကိုယ့်လုပ်ငန်းကို ကိုယ်ပိုင်ဖို့ဆိုင်ဖို့ပင် ဖြစ်သည်။ ယခု ကျွန်တော်တို့ ပိုင်လာကြပြီ။ ဆိုင်လာကြပြီ။ ဤအချက်ကို မျက်စိမှိတ်ထား၍ မရပါ။ လုပ်ပုံလုပ်နည်း နေသားမကျဖြစ်လျှင် ကျွန်တော်တို့ အပြစ်ပင် ဖြစ်မည်။ သို့သော် ပိုင်ဆိုင်မှုကား လက်ထဲသို့ ရောက်လာသည်မှာ နိုင်ငံရေးကြိုးပမ်းမှု၏ ရလဒ်များဖြစ် သည်။ ယင်းအချက်ကို သာမညဟု သဘောမထားသင့်ချေ။

ထို့ကြောင့် ယနေ့မြင်နေ တွေ့နေသမျှ အဆင်မပြေမှုများအတွက် ကျွန်တော်တို့ စိတ်ဓာတ်ကျရန်အကြောင်းမရှိသင့်ပါ။ ယနေ့သမိုင်း၏

mgyoe.com

mgyoe.com



အမှားကို နက်ဖြန်သမိုင်း၏အမှန်တရားတို့က ပြုပြင်သွားကြပါလိမ့်မည်။ အရေးကြီးသည်မှာ ပိုင်ခွင့်ဆိုင်ခွင့်ရှိလာခြင်းကြောင့် လုပ်ခွင့်ရှိလာကြပြီဖြစ်ရာ ယင်းလုပ်ခွင့်ကိုပင်လျှင် ကြိုးကြိုးစားစား လုပ်သွားကြဖို့ အရေးကြီးပါသည်။ အလုပ်သည် ကျွန်တော်တို့အား သင်ကြားပြသပေးနေပါသည်။ ကျွန်တော်တို့ လုပ်ရင်းလုပ်ရင်းနှင့် အမှားအမှန် ပိုင်းခြားသိလာကြပြီ။ ကျွန်တော်တို့၏ လွတ်လပ်ရေးအရွယ်မှာလည်း အမှားအမှန် ပိုင်းခြားသိလာသည့် အရွယ်သို့ရောက်ပေပြီ။ ထိုအရွယ်တွင် ရှေ့သို့တစ်ဆင့် တက်လှမ်းရဖို့ဆိုသည်ကိုလည်း ကျွန်တော်တို့ မြင်လာကြပြီ။

လူထုသည် စေတနာကောင်းဖြင့် မှားခဲ့သမျှကို သည်းခံနိုင်ပါသည်။ စင်စစ် စေတနာကောင်းဖြင့် မှားယွင်းချင်းသည် ရာဇဝတ်မှု မမြောက်နိုင်ပါ။ ထို့ကြောင့် စေတနာကောင်းဖြင့် မှားသည်ကို သည်းမခံနိုင်စရာ မရှိပါ။ တစ်ခုသာလျှင် တောင်းပန်လိုပါသည်။ စေတနာကောင်းဖြင့် မှားရိုးမှန်လျှင် မှားမှန်းသိလျှင်သိခြင်း ပြင်ကြဖို့ပင်ဖြစ်ပါသည်။ ကျွန်တော်တို့မှာ လုပ်ရင်းကိုင်ရင်းနှင့်သာ တတ်မြောက်ကြရဖို့ရှိပါသည်။ တိုင်းပြည်ထူထောင်ရေး၌ လုပ်ငန်းသည်သာလျှင် ကျွန်တော်တို့၏ဆရာ၊ လုပ်ငန်းသည်သာလျှင် ကျွန်တော်တို့၏ အမိအဖ ဖြစ်နေပါသည်။ လုပ်ငန်းတည်းဟူသော အမိအဖ ဆရာသမားသည် ကျွန်တော်တို့ကို သွန်သင်ဆုံးမသွားပါလိမ့်မည်။ တစ်နည်းဆိုသော် သမိုင်းသည် ကျွန်တော်တို့ကို ဆုံးမ ပဲ့ပြင်သွားပါလိမ့်မည်။ အရေးကြီးသည်မှာ စေတနာကောင်းဖြင့် ကိုယ့်အလုပ်ကိုကိုယ် ကြိုးကြိုးစားစား လုပ်ကြဖို့ပင်ဖြစ်ပါသည်။

အသက်နှစ်ဆယ်အရွယ်ဆိုသည်မှာ ယခင်စကားခံရှိသည့်အတိုင်းပြောရလျှင် အမှားအမှန်ကို ပိုင်းခြားဝေဖန်တတ်၍ မှန်ရာဘက်သို့ တစ်

mgyoe.com

mgyoe.com


ဆင့်တက်လှမ်းရန် လုံ့လပြုနေသော အရွယ်ဖြစ်ပါသည်။ ယနေ့၏ အကောင်းအဆိုး၊ အမှန်အမှား၊ အောင်မြင်မှု မအောင်မြင်မှု စသည်တို့ကို နက်ဖြန်တွင် ပေါ်ပေါက်လာမည့် နောင်လာနောက်သားတို့သည် ကောင်းစွာဆင်ခြင်၍ အကောင်းအင်အားစု၊ အမှန်အင်အားစု၊ အောင်မြင်ခြင်းအင်အားစုတို့ တိုးတက်ပွားများလာအောင် လုပ်ဆောင် သွားကြလိမ့်မည်ဟု ယုံကြည်အားကိုးမိပါသည်။ လူမျိုးနှင့် တိုင်းပြည်အကျိုးကို ဆောင်ရွက်တတ်လေအောင် ယခုခေတ်၌ မြေတောင်မြှောက်ပေးနေကြသည်မှာ အလဟဿ မဖြစ်စကောင်းဟု ထင်မြင်မိပါသည်။ ။

မြဝတီမဂ္ဂဇင်း၊ အတွဲ ၁၆၊ အမှတ် ၃၊ ဇန်နဝါရီ၊ ၁၉၆၈။

mgyoe.com

mgyoe.com

## ဘာသာစကားနှင့် ပြည်ထောင်စုညီညွတ်ရေး

နိုင်ငံညီညွတ်ရေးကို တည်ဆောက်ရာ၌ ဘာသာစကားသည် အလွန် အရေးကြီးပါသည်။ ရှေးသူဟောင်း ခေတ်သဘောဖြင့်ပြောရလျှင် အရေး ကြီးဆုံးဟူ၍ပင် ပြောစရာရှိသည်။ အဘယ်ကြောင့်ဆိုသော် ရှေးခေတ်က တိုင်းပြည်ကိုတည်ထောင်သည်ဆိုသည်မှာ ဘာသာစကားတူသူ လူမျိုး တစ်မျိုးလျှင် တစ်နိုင်ငံတည်ထောင်ကြသောကြောင့်ဖြစ်၏။ ပျူစကား ပြောသော ပျူလူမျိုးတို့သည် သရေခေတ္တရာပြည်ကို တည်ထောင်ခဲ့ကြ သည်။ မြန်မာစကားပြောသော မြန်မာလူမျိုးတို့သည် ပုဂံပြည်ကို တည် ထောင်ခဲ့ကြသည်။ ဤနည်းတူစွာ ယနေ့ ကျွန်တော်တို့ တွေ့မြင်နေ ကြရသော အင်္ဂလန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ရုရှနိုင်ငံဟူသည် တို့သည် ရှေးဟောင်းခေတ်က လူမျိုးတစ်မျိုး၊ ဘာသာစကားတစ်ခု၊ ဒေသတစ်ရပ်တည်းဟူသော အကြောင်းသုံးရပ်ညီလျှင် တိုင်းပြည်တည် ကြသော သဘာဝရှိခဲ့ကြသည်။

ထို့ကြောင့် ကျွန်တော်တို့ ပုဂံပြည်ကြီးထူထောင်လျက်ရှိစဉ် အင်္ဂလန်ကျွန်း၌ စကော့လူမျိုးနှင့်တိုင်းပြည်၊ ဝေလလူမျိုးနှင့်တိုင်းပြည်၊ အင်္ဂလိပ်လူမျိုးနှင့်တိုင်းပြည်ဟူ၍ ရှိခဲ့သည်။ ဥရောပတိုက်တွင် အင်္ဂလန် ကျွန်းနှင့် ပြင်သစ်ကမ်းခြေကိုခွ၍ နေထိုင်သော ဆက္ကဇုန်လူမျိုးတို့၏

mgyoe.com

mgyoe.com


တိုင်းပြည်ရှိသည်။ ဘရိတာနီလူမျိုးတို့၏ တိုင်းပြည်လည်း ရှိသည်။ ပါရှန်လူမျိုးတို့တိုင်းပြည်လည်း ရှိသည်။ ခေတ်ဦးမှ အလယ်ခေတ်အထိ ဥရောပတိုက်၌ တိုင်းပြည်တည်ထောင်ကြပုံကို လေ့လာကြည့်ပါက ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် သရေခတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ပဲခူး၊ တနင်္သာရီ အစရှိသဖြင့် တိုင်းပြည်များကို တည်ထောင်ကြသောနည်းအတိုင်း ဤကာလ၌ ဤလူမျိုး၊ ဤတိုင်းပြည်၊ ထိုကာလ၌ ထိုလူမျိုး၊ ထိုတိုင်းပြည်ဟူ၍ အမျိုးမျိုးတည်ထောင်ခဲ့ကြသည်ကို တွေ့ရလိမ့်မည်။ ယခုခေတ်သို့ရောက်မှသာ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှားစသည်ဖြင့် အမည်များ တွင်လာခြင်းဖြစ်သည်။

သမိုင်းကိုလေ့လာသောအခါ မူလဘူတများကို ပြန်၍ကြည့်တတ်ဖို့လိုပါသည်။ ပဝတ္တိကိုသာကြည့်၍ ဇာတိကိုဖျောက်ထားလျှင် အမှန်ကို မြင်ရမည်မဟုတ်ပါ။ ထို့ကြောင့် ယခုဘာသာစကားအကြောင်းကို ရေးသောအခါ အရင်းမူလများကို ပထမဖော်ပြရခြင်း ဖြစ်ပါသည်။

ရှေးခေတ်က နိုင်ငံညီညွတ်ရေးကို တည်ဆောက်ရာ၌ ဘာသာစကားကို အရေးအကြီးဆုံးဟု ယူဆရပါလျှင် ယခုခေတ်၌လည်း အရေးအကြီးဆုံးဟူ၍ပင် ဆိုသင့်သည်မဟုတ်ပါလော။

သို့သော် ဤသို့လည်း ယတိပြတ်မဆိုနိုင်ပါ။ ရှေးဦးစွာ စကားအရာ၌ အတိုင်းထက်အလွန်ဆိုသောသဘောကို သမိုင်းက လက်ခံနိုင်မည်မဟုတ်ပါ။ ကျွန်တော်တို့သည် ပေါ်ပင်ကိုလိုက်၍ပြောလျှင် အကောင်းဆုံး၊ အမြတ်ဆုံး၊ အမှန်ဆုံး၊ အဟုတ်ဆုံးဟူ၍ ပြောကြစမြဲပင်ဖြစ်သည်။ သို့သော် စကားတစ်ခွန်းကို ကမ်းကုန်အောင်ပြောပြီးမှ မကြာခဏ ပြင်နေရပါလျှင် သမိုင်း၏အခြေခံအချက်အလက်များ တစ်စတစ်စနှင့် ယိုယွင်းကြရဖို့သာရှိပါလိမ့်မည်။

ထို့ပြင်လည်း သမိုင်းဟူသည်မှာ သိပ္ပံပညာ၌ ကျွန်ုပ်တို့ တွေ့နေကျ

mgyoe.com

mgyoe.com



မြင်နေကျ နိယာမများအတိုင်းချည်း ယတိပြတ်ဖြစ်ပျက်နေသည် မဟုတ်ပါ။ သိပ္ပံပညာ၏ နိယာမတရားတို့သည်ပင်လျှင် နျူတန်၏ခေတ်၌ ဥပဒေသတစ်မျိုး၊ အိုင်းစတိုင်း၏ခေတ်၌ ဥပဒေသတစ်မျိုးဟူ၍ သူ့ခေတ်နှင့်သူ ပြောင်းလဲတတ်ပါသေးသည်။ ထို့ကြောင့် သမိုင်းဖြစ်စဉ်ဟူသည်မှာလည်း ကာလဒေသ ပယောဂကိုအကြောင်းပြု၍ ပြုပြင်ပြောင်းလဲခြင်း သင်္ခါရရှိနေပါသည်ကို ကျွန်တော်တို့ ဆင်ခြင်ရမည်ဖြစ်သည်။

သမိုင်း၌ ယေဘုယျသဘောများရှိသည်။ မှန်ပါသည်။ သို့သော် ယေဘုယျသဘောတစ်ခုရှိလျှင် ဝိသေသ သဘောလည်း ရှိတတ်သည်ကို သတိပြုရပါလိမ့်မည်။ ဥပဒေတစ်ခုကိုကြည့်လျှင် ယင်းဥပဒေ၏နောက်ဆွယ်၌ ခြွင်းချက်တစ်ခုလည်း ရှိတတ်သည့်သဘာဝကို ပြန်ကြည့်ကြပါ။ ထို့ကြောင့် ဘာသာစကားကို အရေးအကြီးဆုံးဟူ၍ အတိဝုတ္တိသဘောပြောဆိုလျှင် ယထာဘူတ ကျလိမ့်မည်မဟုတ်ပါ။ အလွန်ဆုံးပြောလိုလျှင် အရေးအလွန်ကြီးသည်ဟုသာ ပြောရပါလိမ့်မည်။

ယခုမျက်မှောက် လူ့သမိုင်းကိုကြည့်လျှင် ဘာသာစကားချင်းတူ၍ လူမျိုးချင်းလည်း တူပါလျက်နှင့် ဒေသကြီးတစ်ခုကို နှစ်ပိုင်းခွဲကာ သူလည်းနိုင်ငံ၊ ငါလည်းနိုင်ငံဟူ၍ စင်ပြိုင်နိုင်ငံများ တည်ထောင်နေကြပုံကို တွေ့ရပါလိမ့်မည်။ ခေတ်သစ်နိုင်ငံရေး ပွေလီမှုတို့ကြောင့် အရှေ့ဘာလင်၊ အနောက်ဘာလင်၊ အရှေ့ဂျာမနီ၊ အနောက်ဂျာမနီ စသဖြင့် ကွဲပြားခြားနားလာပုံကို လူထုသည် အကြောင်းသိပြီးဖြစ်သည်။ မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားဟူ၍လည်းကောင်း၊ မြောက်ဗီယက်နမ်နှင့် တောင်ဗီယက်နမ်ဟူ၍လည်းကောင်း၊ လူမျိုးအချင်းချင်း နိုင်ငံအချင်းချင်းကွဲလာကြပုံမှာ မြန်မာရာဇဝင်တွင် ပျူ၊ ကမ်းယံ၊ သက် ကွဲကြသည်ထက်ပင် ပြင်းထန်ပါသည်။ ယင်းအကွဲများမှာ ကျောချင်းကပ်ပြီး

mgyoe.com